လှိုင်စာပေ

# မြပုလဲခင်

လုံးချင်းဝတ္ထုသစ်

# သန္တာနှင်မိုး

Design : Myat Thura (Koncept)

ငါ့နှလုံးသားက ငါ့ရဲ့ အသက်ရှင်ခြင်းကို ဟန့်တားနေပါလား … ငါ မသေချင်သေးဘူး။

ငါ အသက်ရှည်ရှည်နေချင်သေးတယ်။

ဒါမှ ငါ့ရဲ့ ဖြစ်ရပ်တွေဟာ ငါ့ရင်ထဲမှာ အကြာကြီးရှိနေနိုင်မှာ …

လူ့လောက ဇာတ်ခုံကြီးပေါ်က ဆန်းကြယ်တဲ့ ဖြစ်ရပ်တွေကို ငါခံစားတွေ့မြင်နေချင်သေး တယ်။

ကမ္ဘာမြေကြီး ဆိုတဲ့ အဆုံးအစရှာမရတဲ့ လူ့ဘဝပြေးလမ်းကြီးပေါ်က တာဝေးအပြေးသမား တစ်ယောက်လို ပြေးလွှားရင်း လွတ်လပ်တဲ့ လူသားတစ်ယောက်ရဲ့ ခံစားမှုမျိုး အပြည့်အဝ ခံစားကြည့်ချင်သေးတယ်။

ဒါကြောင့် ငါအသက်ရှည်ရှည်နေချင်သေးတယ်။ ရတောင့်ရခဲလူ့ဘဝကြီးကနေ ငါ အလွယ် တကူပြေးထွက်မသွားချင်ဘူး။ ငါ မသေချင်သေးဘူး။

ဘုရား … ဘုရား ငါ့နှလုံးက အရမ်းနာ လာပြီ။

မဟာကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား … ဘုရားတပည့်တော်မအား အသက်ဆက်ရှင်ခွင့် ကံတရားလေး ပေးသနားတော်မူပါဘုရား …

**ကြည်စင်**

***

# အပိုင်း (၁)

## အခန်း (၁)

နာရေးအသုဘအခမ်းအနား၌ ပန်းအလှပြင်ခြင်းကိစ္စသည် လည်း ရန်ကုန်မြို့ပြလူနေထိုင်မှု၌ ပျံ့နှံ့ လာလေပြီဖြစ်ရာ ကြည်စင်တို့လို ပန်းအလှဖန်တီးရှင်များ အတွက် အလုပ်ပါးချိန် မရှိသလောက် ဖြစ်လာသည် ။

ယနေ့ပဲ ကြည့် ... ရုပ်ရှင်ကားအတွက် ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်သော အဓိကဇာတ်ဆောင် မင်းသမီးလေး၏ အသုဘအခမ်းအနားအတွက် ပန်းအလှဖန်တီးပေးရသည် ။

ပန်းအစစ်လည်း ပါသည် ။ ပန်းအတုလည်း ရောပြွမ်းရသည် ။ ကြည်စင်တို့ နှစ်ယောက် ဆိုသည် မှာ ကြည်စင့်သူငယ်ချင်း လွဲ့လွဲ့နှင့် ဖြစ်သည် ။ နှစ်ဦးရှယ်ယာနှင့် (Flower Dream) ပန်းအလှပြင်ခြင်းနှင့် အရောင်းပြခန်းကို ဗိုလ်ချုပ်လမ်း၌ ဖွင့်လှစ်ထားခြင်းဖြစ်သည် ။ ညကတည်း က ပြင်ထားပေးပြီးသား ဇာတ်ဝင်ခန်းအတွက် ပန်းအလှပြင်ပေးခြင်းကို ပြီးဆုံးပြီဟု ထင်ထားသော် လည်း ရုပ်ရှင်ဒါရိုက်တာက ဇာတ်ဆောင်မင်းသားက သေဆုံးသွားသောချစ်သူအတွက် လက်ကိုင်ပန်းစည်းလှလှလေး လိုအပ်နေသည် ။ အမြန်ဆုံးလာပို့ပေးလှည့်ပါဟု ဆိုလာသည် ။ ရှုတင်ခန်း၌ လိုအပ်သော ပန်းပြင်ဆင်မွမ်းမံမှုအတွက် လွဲ့လွဲ့က နေခဲ့ပြီး ကြည်စင်က (Flower Dream)ကို တစ်ခေါက်ပြ

န်ပြေး ပန်းစည်းကို အမြန်ဆုံးပြင်ပြီး ရှုတင်သို့ 'ကက' ငှားကာ ပြေးခဲ့သည် ။

နောက်ကျနေပြီဟု သိထားသည် ။ မျက်နှာစိမ်းဒါရိုက်တာက သူ့အား ကြိမ်းမောင်းမှာ လား ...။ အို သူမှ ကြိုမပြောထားဘဲ။

ခပ်သွက်သွက်ကလေး ရှုတင်ခန်းထဲ ဝင်လိုက်သည် ။ အိုး မျက်လုံးများက သူ့ထံသို့ စုပြုံကျ ရောက်လာသည် ။ ပုရိသတို့ ၏ မျက်လုံးပေါင်းသောင်းခြောက်ထောင်၏ စုပြုံကျရောက် အာရုံစူးစိုက် ခြင်းကို ခံစားရဖန်များ နေသောကြောင့် ကြည်စင်အရေထူနေလေပြီ။ ခပ်ကြော့ကြော့မော့မော့လေးပင် ဒါရိုက်တာဆီသို့ တန်းသွားလိုက်သည် ။

'ဆောရီးပဲရှင် ကျွန်မ သိပ်နောက်ကျသွားတယ် ထင်တယ်'

'အိုး နောက်မကျပါဘူး မင်းသား မရောက်သေးတာနဲ့ အတော်ပါပဲ'

'တော်ပါသေးရဲ့ ရှင် ကျွန်မနောက်ကျပြီလားလို့ စိတ်ပူလိုက်ရတာ အကယ်၍ လူကြီးမင်းက လက်ကိုင်ပန်းစည်းလေးပါ ပြင်ဆင်ခဲ့ပါလို့ မှာလိုက်ရင် ကျွန်မစောစောစီးစီးပြင်ထားပေးမှာ ပါ'

'ကျွန်တော်မေ့သွားလို့ ပါ ဒေါ်ကြည်စင် ကျွန်တော်ကပဲ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူး ရော့ ပန်းစည်း လူကြီးမင်း စိတ်ကြိုက်ကော ဖြစ်ရဲ့လား'

'အိုး သိပ်လှ သိပ်ကြိုက်ပါတယ်'

ဒါရိုက်တာကြီး၏ မျက်နှာသည် သကာဆမ်းထားသည့်အလား ချိုမြနေသည် ။ လက်ကိုင်ပန်း စည်းကို သွားအဖြီးသားဖြင့် ပျာပျာသလဲ လ

က်ခံလိုက်သည် ။ ကြည်စင် စိတ်ထဲကြိတ်ပြုံး ပြုံးမိပြီး ရယ်ချင်စိတ်ကိုမျိုသိပ်ကာ လဲ့လဲ့ရှိရာသို့ လျှောက်လှမ်းလိုက်သည် ။

လဲ့လဲ့က ...

'ဘယ့်နှယ်လဲ ဒါရိုက်တာကြီးက ပန်းစည်းရောက်မလာသေးတာရယ် မင်းသားရောက်မလာ သေးတာရယ်အတွက် ဒေါဖောင်းနေတာ နင်နဲ့ ကွိုင်တက်သေးသလား'

'တက်တာပေ့ါ'

'ဘုရားရေ'

လဲ့လဲ့က စိုးရိမ်ပူပန်သော မျက်ဝန်းဝိုင်းလေးဖြင့် သူ့အား ကလယ်ကလယ်ကြည့်လာသော အခါ ကြည်စင် မနေသာတော့ ခစ်ကနဲတစ်ချက်ရယ်လိုက်ပြီး ...

'ဖောင်းနေတဲ့ ဒေါသပူဖောင်းကြီးကို ငါ့အပြုံးအပ်ဖျားလေးနဲ့ ဖောက်ခွဲလိုက်ပြီ'

လဲ့လဲ့က မျက်စောင်းလည်း ထိုး သူ့ပခုံးအားလည်း ခပ်ဖွဖွလှမ်းထုရင်း ...

'ဟွန်း မိန်းမကိုက ငါက နင့်အတွက်စိတ်ပူနေတာ နင်က နောက်နေသေး'

ကြည်စင်က ပြုံးကာ လိုအပ်သောနေရာပန်းများကို လှမ်းပြုပြင်ပေးရင်းမှ တိုင်ကပ်နာရီကို လှမ်းတွေ့လိုက်ရာ ...

'ဟယ် ဆယ့်တစ်နာရီတောင်ကျော်နေပြီ လဲ့လဲ့ရေ ဒုက္ခပဲ မှီပါဦးမလား'

လဲ့လဲ့က ...

‘ဘာလဲဟ အလန့်တကြား’

‘ကိုကို ဒီနေ့ပြန်လာမှာ လေ လာကြိုဖို့ ဖုန်းဆက်ထားတယ်လေ’

‘ဟုတ်လား ငါတောင် မပြောဘူး’

‘တစ်နေ့ညက ငါလည်း နင့်ကိုပြောဖို့ မေ့သွားတယ် ဆယ့်တစ်ခွဲလောက်တော့ ရောက်မယ် ပြောတယ်’

‘ဟဲ့ မှီပါဦးမလား သွားလေ’

‘နင်တစ်ယောက်တည်းဖြစ်လား’

‘ဖြစ်ပါတယ် ဘာမှ မကျန်တော့တာ လိုအပ်တာလေး ပြုပြင်ပေးရုံပဲ ဟာ သွားသွား’

‘ဒါဖြင့် သွားမယ်နော် ပြီးမှ ဆိုင်မှာ ပြန်ဆုံမယ်’

‘အိုကေ’

ကြည်စင် လဲ့လဲ့ကို ထားရစ်ခဲ့ကာ မင်္ဂလာဒုံလေယာဉ်ဆိပ်သို့ ‘ကက’ ငှားကာ ဦးတည်လိုက် လေသည် ။

ကိုကို ... ကိုကိုက သည်းလွှန်းလှသည် ။ သူ့အလုပ်ကိစ္စနှင့်ပြည်ပခရီးပဲထွက်ထွက်၊ ပြည်တွင်းခရီးပဲသွားသွား။ သူပို့ပေး၊ ကြိုပေးမှ ကြိုက်တတ်သူဖြစ်သည် ။

သူကလည်း ကိုကိုတို့ မိသားစုတစ်စုလုံးအပေါ် စေတနာမေတ္တာအပြည့်ထားကာ အားလုံး အကြိုက်ကို တတ်နိုင်သမျှ ဆောင်ကြဉ်းနေထိုင်တတ်သောအလေ့က စွဲနေလေပြီဖြစ်ရာ ... ယခုလည်း ကိုကို့အကြိုက် အကြိုတော်ထောက်ပေးခြင်း ဖြစ်ရာ နောက်မကျပါစေနှင့်ဟု

ဆုတောင်း ရင်း ခပ်မှန်မှန်မောင်းနေသော 'ကက' ကိုပင် ...

'မြန်မြန်မောင်းပါ'

'ဒီထက်မြန်ရင် ကွန်ပျူတာထဲ ဖမ်းမိလို့ ကျုပ်ပဲ ဒဏ်ငွေဆောင်ရမှာ အစ်မလေးရေ ဒုက္ခ မပေးပါနဲ့ '

'ကက' ဒရိုင်ဘာစကားကြောင့် ကြည်စင် ပါးစပ်အလိုအလျောက်ပိတ်သွားရလေပြီ။

စိတ်ထဲကတော့ ...

'လေယာဉ်နောက်ကျပါစေ ကိုကိုစိတ်မဆိုးပါစေနဲ့ ' ဟု ဆုတောင်းလိုက်သည် ။ ထိုဆုကို တောင်းမယ့်သာ တောင်းရသည် ။ ကိုကိုသည် ဘယ်သောအခါမှ သူ့အပေါ်စိတ်မဆိုးခဲ့ဖူးပါချေ။ ကိုကို့ အချစ်သည် သူ့အပေါ်၌ ကြီးမားလေးနက်ကြောင်းကိုလည်း ကြည်စင် သိလျက်နှင့် ...

***

လေဆိပ်အဆောက်အဦသို့ ဝင်လိုက်သည် နှင့် ပြည်ပခရီးသည်အချို့နှင့် ကြိုဆိုကြသူများ ထွက်လာသည် နှင့် ရင်ဆိုင်လိုက်ရသောအခါ ကိုကိုနှင့် လွဲမှာ စိုးသဖြင့် ခပ်သုတ်သုတ်ဝင်ခဲ့လိုက်စဉ် ...

ဘုရား ... ဘုရား

ဘယ်ဘက်ရင်အုံအတွင်းဘက်ချိုင့်ဝှမ်းအတွင်း၌ တည်ရှိသောနှလုံး၏ အလန့်တကြား ခုန်ပေါက်လိုက်မှုကြောင့် ရင်မှာ လှုပ်ခတ်ကာ ကြည်စင်၏ ဘယ်လက်ဖဝါးလေးမှာ ဘယ်ဘက်ရင်အုံ ကိုဖိလိုက်မိပြီး ခေါင်းကလည်း နောက်သို့ သမင်လည်ပြန်ချာကနဲကြည့်မိလျက်သားဖြစ်သွား

သည် ။

ဒုတ် ... ဒုတ် ... ဒုတ် ... ဒုတ်။

နှလုံးခုန်သံကျယ်လောင်မှုက နားစည်သို့ပင် ရိုက်ခတ်နေသည် ။ နှလုံးခုန်သံစည်းချက်က ဖိထားသော ဘယ်ဘက်လက်ဝါးပြင်သို့ပင် တိုးထိနေလေသည် ။

'ဟင်'

နှလုံးသား၏ စေခိုင်းမှုက သူ့အား ကျောခိုင်းသွားနေသောပုရိသတစ်ဦး၏ နောက်ကျောပြင် ကို သူ၏ အမြင်အာရုံက စူးစိုက် ကျရောက်သွားလေသည် ။ ထိုကျောပြင်၏ ပုံရိပ်က သူ့နှလုံးသားကို ခုန်ပေါက်လှုပ်ရှားနေအောင် ပြုစားနေလေသည် ။

မြင်ဖူးသလိုလို ရင်းရင်းနှီးနှီးရှိသော ကျောပြင်တစ်ခုလိုလို ထိုကျောပြင်ကိုဖက်တွယ် ပါးပြင် နှင့်အပ်ထားကာ မှုန့်ခဲ့ဖူးသလိုလိုခံစားရကာ ရင်ခုန်သံစဉ်ရိုင်းက ထူးကဲစွာ မြည်ဟည်းလျက်။

စပို့ရှပ် ကြည်ပြာရောင်နှင့် ကျောပြင်ကို မှ င်သက်စွာ ေးမိလျက်ရှိစဉ်

'ဟိတ် ကြည်စင်လေး'

ရုတ်တရက် အနားမှ ကပ်၍ ထွက်ပေါ်လာသော အသံကြောင့် လွင့်မျောသွားသော စိတ်အလျဉ် မှာ လက်ရှိအနေအထားသို့ ပြန်လည်ရောက်ရှိလာသည် ။

'ဘာကြည့်နေတာလဲ'

ကိုကို သူ့အနားသို့ရောက်လာသည့်တိုင်အောင် အိပ်မက်ကမ္ဘာမှ ပု

တ်နိုးခံရသဖြင့် နိုးထလာ သည့်လူနှယ် ယောင်တီးယောင်ချာနှင့်ဖြစ်နေရာ ကိုကို့အား မော့ကြည့်ပြီး 'ဘာမှ မဟုတ်ပါဘူး' ဟု ပြောပြီး စောစောကကြည့်ခဲ့သော ကျောပြင်ရှိရာသို့ ပြန်ကြည့်လိုက်သည် ။

မရှိတော့။

ပျောက်ကွယ်သွားလေပြီ။ ရင်ထဲလှစ်ဟာကာ ကြေကွဲသလိုခံစားလိုက်ရသည် ။

'အသိတွေ့လို့ လား'

'မသိဘူး ဒါပေမဲ့ မြင်ဖူးသလိုလိုရှိလို့ ကြည့်မိတာ စဉ်းစားလို့ လည်း မရပါဘူး ဒါပေမဲ့ ရင်းရင်းနှီးနှီးမြင်ဖူးသလိုလိုပဲ ခံစားရတယ်'

'ကဲကဲ ခံစားရတာတွေနောက်ထား ၃ နှစ်လောက် ခွဲနေရတဲ့ သူကိုတွေ့တာ ဝမ်းသာအားရ ပုံစံလေးနဲ့ ကြိုပါဦး ဒါမှ ကိုကိုကျေနပ်နိုင်မှာ '

ရင်ခုန်သံစဉ်ရိုင်းတို့ ပျောက်ကွယ်သွားလေပြီ။ ကိုကို့မျက်နှာကိုမော့ကြည့်ကာ ပြုံးပြလိုက် သည် ။

ကိုကိုက ချောမောခန့်ညား တည်ငြိမ်နေဆဲ။ သူ့မျက်ဝန်း၌ ကိုကိုသည် အမြဲချောမော တည်ငြိမ် ခန့်ညားနေတတ်သည် ။

ကိုကို့အပေါ် အားကိုးချစ်ခင်စိတ်က ဖြစ်ပေါ်လျက်ရှိရာ …

'ကိုကိုကလည်း ကြည်စင်လည်း သတိရနေတာပဲဟာ'

ကိုကို၏ ဘယ်လက်မောင်းကို တွဲခိုချိတ်ဆွဲလိုက်သည် ။ ကိုကို့မျက်နှာပြင်ပေါ်၌ ပီတိရိပ်တို့ ဝေဖြာသွားသည် ။

'သတိရရုံပဲလား လွမ်းကော မလွမ်းဘူးလား'

'ဟာ သတိရတာနဲ့ လွမ်းတာနဲ့ အတူတူပဲဟာ ကိုကိုကလည်း မရစ်နဲ့

လာ သူများ ဗိုက်ဆာ နေပြီ လိုက်ကျွေးတော့’

‘ကောင်းပါပြီဗျာ ထမင်းမေ့ ဟင်းမေ့ အလုပ်များ ပြန်ပြီလား ကျန်းမာရေးဂရုစိုက်မှ ပေါ့’

‘နားငြီးတယ်ကွာ လာမြန်မြန်’

ကိုကို၏ စိုးရိမ်ပူပန်မှုနှင့် သတိပေးစကားများက ကြားရဖန်များ လွန်းသဖြင့် ရိုးအီနေပြီဖြစ် ရာ ကိုကိုက စကားမဆက်နိုင်စေရန် လက်မောင်းကြီးကို အတင်းချိတ်တွဲကာ လေဆိပ်အဆောက် အဦတွင်းမှ ထွက်ခဲ့လေသည် ။

အံ့သြဖွယ်ကောင်းသည့်ဖြစ်ရပ်က စောစောက ရင်ဘတ်တစ်ခုလုံး ပေါက်ကွဲလွင့်ထွက်မတတ် ခုန်ပေါက်နေခဲ့သော နှလုံးသားသည် ယခုတော့လည်း သူဘာမှ မလုပ်ခဲ့ မလှုပ်ရှားခဲ့သလို အပြစ်ကင်း စွာဖြင့် ပုံမှန်စည်းချက်လေးမျှနှင့်သာ တည်ငြိမ်လျက်။

‘မတွေးကောင်း တွေးကောင်း ငါ့ခန္ဓာနှင့် နှလုံးသား တခြားစီတော့ မဟုတ်တန်ပါဘူး’ ဟု ကြည်စင်ခေါင်းထဲဝင်လာသောတွေးဆချက်ကို ဦးခေါင်းယမ်းကာ ဖယ်ရှားပစ်လိုက်သည် ။

‘ဟင် ဘာဖြစ်လို့ လဲ ကြည်စင်လေး’

အရေးထဲ ကိုကိုက သူခေါင်းယမ်းတာကို မြင်ဖြစ်အောင် မြင်သွားသေး။

‘အို ဘာမှ မဟုတ်ပါဘူး ကိုယ့်ဘာသာကိုယ် မမှတ်မိတာကို ခေါင်းယမ်းမိတာ’

ကိုကို၏ မျက်ဝန်းရိပ်အောက်မှ ရှန်းထွက်ဖို့ ကလည်း ခက်လွန်းလှပါဘိ။ ကိုကို သူ့အပေါ် ထားရှိသော မေတ္တာတရား၏ ကြီး

မားမှုကို သူမည်ကဲ့သို့တွန်းလှန်နိုင်ပါမည်နည်း။ တုံ့ပြန်ပေးဆပ်ရုံကလွဲပြီး အခြားနည်းလမ်းရှာမတွေ့ချေ။

ထို့ကြောင့် စောစောက နှလုံးသားပေါက်ကွဲမှုဖြစ်ရပ်ဆန်းကို ဥပေက္ခာပြု လိုက်လေသည် ။

စိတ်ထင်လို့ ဖြစ်မှာ ပါလေဟု ...

***

# အခန်း (၂)

ကိုကို ပညာသင်မှ ပြန်ရောက်ခြင်း အထိမ်းအမှတ်အဖြစ် ကြည်စင်တို့ တိုက်ခန်းလေး၌ ညစာ စားပွဲ ပြင်ဆင်လိုက်သည် ။ တိုက်တိုက်ဆိုင်ဆိုင် ကြည်စင့်အသက်ကလည်း (၂၂) နှစ်ပြည့်မွေးနေ့ဖြစ် နေသည် ။ စည်ကားသော အခမ်းအနား မဟုတ်သော်လည်း ကြည်စင် ကျေနပ်သည် ။ ကိုကိုနှင့် ကြည်စင် အချစ်ဆုံးသူငယ်ချင်း လဲ့လဲ့ရှိနေပြီပဲ လုံလောက်ပါပြီ။

'ကိုင်း ကိုသိင်္ခါမွေးနေ့လက်ဆောင်က ရှင် အရင်ပေးမှာ လား လဲ့ပေးရမှာ လား'

'မလဲ့ပဲ ပေးပါလေ Lady First ပဲ'

'ကောင်းပါပြီ ဒါဖြင့်ရော့'

လဲ့လဲ့က ပန်းစက္ကူလှလှဖြင့် ထုပ်ပိုးထားသော ကတ်ထူပုံးကို လှမ်းပေးသဖြင့် ကြည်စင်က စိတ်ဝင်စားစွာလှမ်းယူလိုက်သည် ။

တစ်ခန်းထဲနေပြီး အိပ်ခန်းတစ်ခန်းတည်း၌ လည်း မှန်တင်ခုံတစ်လုံးကြားခြားလျက် ဟိုဘက်ဒီဘက်တစ်ကုတင်ဆီ နီးကပ်စွာ အိပ်ကြသော သူငယ်ချင်းဖြစ်ပါလျက် သူလက်ဆောင်ဝယ် ထားခြင်းကိုပင် ကြည်စင် မသိလိုက်ပါလား။

ပန်းစက္ကူများကို ပတ်ထားသောတိတ်ပြားကို ဖြေကာ အဖုံး ဖွင့်လို

က်သည္ ။

'ထောက်'

'အား'

လက်အိတ်စွပ်ဝက်ဝံရုပ်ကလေး၏ လက်သီးစာကို ကြည်စင်မိသွား လေသည် ။

'ဟင် ... ဟင်း ... ဟင်း'

'ဟား ... ဟား နာသွားသလား ကြည်စင်လေး'

'နာတာပေါ့ လက်သီးနဲ့ ထိုးတဲ့ ဟာကို'

အမှန်တော့ အစာသွပ်အရုပ်ကလေး၏ လက်သီးချက်ပေပဲ ဘယ်နာ ပါ့မလဲ ကိုကို့ကို တမင်နွဲ့ လိုက်ခြင်းဖြစ်သည် ။

လွဲ့လွဲ့က မျက်စောင်းလှလှထိုးရင်း ...

'ငါက တမင်ပျော်စေချင်လို့ ပါ ဒီမှာ တစ်ဗူးရှိသေးတယ် ကိုသိန်းပေး ထားတာ တကယ့် လက်ဆောင်အစစ်ပါဟ နင်နဲ့ ကိုက်ညီမယ့်လက် ဆောင်ပါ'

'အင်း ဒီတစ်ခါ ခြေနဲ့ ကန်မယ့်အရုပ်လား'

'ကြည့်ကြည့်ပေါ့'

ကြည်စင် မဝံ့မရဲဖြင့် နောက်ထပ်ပန်းစက္ကူနှင့် ရစ်ပတ်ထားသော ကတ်ထူဘူးတစ်ဘူးကို ဖွင့်လိုက်သည် ။

'ဟင်'

ဒီတစ်ချီတွင် လက်သီးနှင့်ထိုးခံရခြင်းမရှိပါဘဲ နှလုံးသားကိုအလိုအ

လျှောက်ထိခိုက်စေသော အရုပ်လေးဖြစ်နေသည် ။

သတို့ သမီးဝတ်စုံနှင့် ဝက်ဝံရုပ်ကလေး ဖြစ်နေသည် ။ မြင်ဖူးသည့် အရုပ်ကလေး။ မြင်ဖူးခြင်း ၏ နောက်မှ ကြေကွဲခြင်းက ကပ်ငြိပါလာသည် ။ နှလုံးသားတဆတ်ဆတ်ခုန်လာကာ ကြေကွဲစိတ် တို့ ကြောင့် ကြည်စင်ငိုင်ဆင်းသွားသည် ။ 'ဘယ်မှာ မြင်ဖူးပါလိမ့်' ဟု စဉ်းစားနေစဉ် …

'ကြည်စင်လေး ဘာလဲ မကြိုက်ဘူးလား နောက်ထပ်တစ်မျိုးရှိသေးတယ်'

'အာ အင်း … အင်း ကြိုက်ပါတယ် ဒါပေမဲ့ ဒီအရုပ်မျိုး မြင်ဖူးသလိုလို ရဖူးသလိုလိုရှိလို့ ပါ'

ကြည်စင်အတွေးစကိုဖြတ်တောက်ပြီး ကမန်းကတန်း ဖြေလိုက်ရသည် ။ နောက်ထပ် လဲ့လဲ့ ပေးလာသော အရုပ်ကိုလည်း စိတ်မဝင်စားတော့။ သတို့ သမီးဝက်ဝံရုပ်ကလေးက သူ့နှလုံးသားကို ညှို့ငင်ဖမ်းစားသွားခဲ့လေသည် ။

'ကိုသိန်းပေးမယ့် အထူးလက်ဆောင်ကကော'

'ညစာစားပြီး လေညှင်းခံသွားမှ ပေးမယ် နှစ်ယောက်တည်းသွားချင်တယ်'

လဲ့လဲ့က ကိုကို့ကို မျက်စောင်းထိုးကာ …

'ပိုလိုက်တာ ကျွန်မက အလိုက်ကန်းဆိုးမသိတတ်တဲ့ လူမို့လို့ လားဆေးရိုးသည် ဘယ်တော့ မှ အဖြစ်မခံဘူး မှတ်ထားပါ'

'မလဲ့ အလိုက်ကန်းဆိုးသိမှန်း သိပါတယ်ဗျာ ဒါကြောင့် မလဲ့အကြိုက် အလုပြင်ပစ္စည်း Box လည်း ဝယ်လာပါတယ် နောက်နေ့ ပစ္စည်းတွေ

ဖြေပြီးမှ လာပို့ပေးပါ့မယ်ဗျာ’

လဲ့လဲ့က ကျေနပ်စွာဖြင့် ...

‘တကယ်’

ကြည်စင်က ပြုံးရုံသာပြုံးနေလိုက်သည် ။ ကြည်စင့်ရင်ထဲ လေးလံမှုက သတို့ သမီးဝက်ဝံရုပ် ကလေးကို မြင်လိုက်ချိန်၌ စတင်သွားလေသည် ထင့် ...။ ညစာစားအပြီးတွင် ကိုကို့အလိုကျ ကြည်စင်တစ်ယောက်တည်း ကိုကို့ကားနှင့်လိုက်ခဲ့လေသည် ။

‘ဘယ်သွားချင်သလဲ’

‘ကိုကိုသွားချင်တဲ့ ဆီသွားလေ’

‘ဆေးကောသောက်ပြီးရဲ့ လား’

‘လူကို လူမမာကျနေတာပဲ ခုနေ ကိုကိုနဲ့ ပြိုင်ပြေးရင်တောင် ကျွန်မနိုင်မှာ ’

ကိုကိုက ပြုံးကာ ...

‘စမ်းကြည့်ကြသေးတာပေါ့’

ကိုကိုနှင့်အတူ ဗန္ဓုလတံတားအနီးရပ်ပြီး တံတားပေါ်သို့ပြေးတက်ခဲ့ရာ ကိုကိုက နောက်မှ ချန်လိုက်ရင်း ...

‘ညည်း တကယ်မြန်တာ ကိုကိုအမှီလိုက်နိုင်မှာ မဟုတ်ဘူး အရမ်းပြေးမနေနဲ့ ’ ဟု သတိပေးရှာသည် ။

သူ့ရင်ထဲ ကိုကို့၏ နားလည်ပေးနိုင်စွမ်းကို ကျေးဇူးတင်သွားသည် ။ ကိုကိုသည် သူ့အနေခက် အောင် ဘယ်သောအခါမှ မလုပ်ခဲ့ချေ။ ခုံတန်းလျားလေးတစ်ခုပေါ်၌ ကြည်စင် ထိုင်ချလိုက်သည် ။ မီးရောင်စုံများ နှင့်

လှပနေသော ညရှုခင်းကို ကြည်စင်ခံစားလိုက်သည် ။

ကိုကိုက ဘေးနားမှာ လာထိုင်ရင်း ...

'မောနေသလား ကြည်စင်လေး'

'မောပါဘူး'

'ကြည်စင်ကို ခုလိုအနေအထား ပြန်တွေ့ရတာ ကိုကိုအရမ်းဝမ်းသာတာပဲ'

ကြည်စင် နှလုံးရောဂါခံစားနေရစဉ်ကလည်း ကိုကိုတို့ မိသားစု ဂရုတစိုက်ရှိခဲ့ကြသည် ။ ယခုလို ပြန်လည်ကျန်းမာလာတာကလည်း ကိုကိုတို့ မိသားစု၏ ကျေးဇူးကြောင့်ပင်။ ကိုကိုတို့ မိသားစုသည် သာ ကြည်စင့်မိသားစုပါပဲဟု ကြည်စင်မှတ်ယူထားလေသည် ။

'ကြည်စင်လေး'

'ရှင် ကိုကို'

'ဒီမှာ ကြည့်စမ်း'

ကိုကိုက အသည်းပုံကတ္တီပါဘူးနီကလေးကို ဖွင့်ပြလေသည် ။ စိန်တစ်လုံးထဲကို လှပစွာခတ် ထားသော လက်စွပ်ကလေးတစ်ကွင်း။

'လှလား'

'အင်း'

ဘာကြောင့်ရယ်မသိ ကြည်စင့်ရင်ထဲ၌ တစ်မျိုးဖြစ်သွားသည် ။ ဒီလိုလက်စွပ်မျိုး သူလက်ခံ ခဲ့ဖူးသည် ထင်သည် ။

'ဒါ ကြည်စင်အတွက် ကိုကို့ရဲ့ အထူးလက်ဆောင်လို့ မှတ်ထားပါ ကိုကိုနဲ့ ကြည်စင် လက်ထပ်ဖို့ နှစ်ဖက်မိဘတွေပြောထားတာကို ကိုကိုက

အတည်ပြုတဲ့ အနေနဲ့ စေ့စပ်လက်စွပ်သဘော ကြည်စင်ကိုဝတ်ပေးမယ်နော် ကြည်စင်က လက်ခံရင် ငြိမ်ငြိမ်ကလေးနေ လက်မခံနိုင်ရင်တော့ လွှင့်သာပစ်လိုက်တော့'

'အို ကိုကိုကလဲ'

ဒီလောက်အဖိုးအတန်တဲ့ ပစ္စည်းကို ကြည်စင်က လွှင့်ပစ်ရဲပ့ါမလား ။ နောက်ပြီး ကိုကို … ကိုကိုကလွဲပြီးအားကိုးလောက်တဲ့ သူ ကြည်စင့်မှာ မရှိလေပဲ။

ကိုကိုက ကြည်စင်ဘယ်ဘက်လက်ဖျားကို အသာဆွဲယူပြီး လက်သူကြွယ်လေး၌ စိန်လက်စွပ် ကလေးကို ဝတ်ပေးလိုက်သည် ။ တကယ့်ကို အံဝင်ခွင်ကျပင်။

'အတော်ပဲ ကြိုက်ရဲ့ လား ကြည်စင်လေး'

'အင်း ကြိုက်တယ်'

အစ်ကိုတစ်ယောက်က ပေးသော လက်ဆောင်ကို ခံယူရသည့် ညီမတစ်ယောက်၏ ပျော်ရွှင်မှု မျိုးကိုသာ ကြည်စင်ခံစားလိုက်ရသည် ။

'ကိုကို ကုမ္ပဏီကိစ္စ အနည်းကျသွားပြီးရင် ကိုကိုတို့ လက်ထပ်ကြရအောင်'

'အင်း'

ကိုကိုနှင့်ပတ်သက်လာလျှင် ရင်ခုန်ခြင်းမရှိသော်လည်း ငြင်းပယ်စရာ အကြောင်းမရှိချေ။

အရွယ်ရောက်လာကတည်းက နှစ်အိမ့် တစ်အိမ်လို ရင်းနှီးခဲ့သော မိသားစုနှစ်စုထဲမှ လူငယ် နှစ်ယောက်ကို နှစ်ဘက်မိဘက သဘောတူ

ထားသည် ။ အချိန်တန်လျှင် ပေးစားမည်ဟု မြွက်ဟ ကြေညာထားပြီး သား ဖြစ်ရာ ကြည်စင့်အနေဖြင့် လက်ခံရုံမှ အပ အခြားလမ်းစ မမြင်။ ကိုကိုနှင့် ပတ်သက်ပြီး ပြင်းထန်သောရင်ခုန်မှု၊ ခံစားချက်တို့ မရှိသော် လည်း ကိုကို့ကိုသာ လက်ထပ်ရမည်ဟူ သော အသိကတော့ သူ့ဦးနှော က်၌ စွဲထင်နေပြီဖြစ်ရာ ကိုကိုပေးသော လက်စွပ်လေးကို ပွတ်ကြည့်လို က် ထောင်ကြည့်လိုက်လုပ်ရင်း

‘အင်း ကြိုက်တယ်ကိုကို’

ဟု ကိုကိုကျေနပ်စေရန် မှတ်ချက်တစ်ခုလေး ချပေးလိုက်သည် ။

ရင်ထဲ ထူးကဲသောခံစားချက်ကတော့ မရှိချေ။

***

# အခန်း (၃)

ပဲခူးရိုးမတောထဲက ပန်းမျိုးစုံ၊ သစ်ခွမျိုးစုံ၊ အရိုင်းပန်းတို့ ၏ အလေ့ ကျပေါက်နေမှုတို့ ကို ဓာတ်ပုံရိုက်ယူထားပြီး ဓာတ်ပုံများမှ နမူနာပုံကြ ည့်ပြီး ပန်းအလှပြင်ခြင်းကိုဆန်းသစ်ရန် သူငယ်ချင်း နှစ်ယောက် သ ဘောတူညီမှုရယူပြီး စိတ်တူကိုယ်တူဖြင့် ခရီးထွက်ခဲ့ကြသည် ။

လဲ့လဲ့ကတော့ သူ့ထုံးစံအတိုင်း ပန်းတင်မက ရှုခင်း၊ လူပုံများ အထူး သဖြင့် ပုရိသပုံရိပ်များ ကိုပါ အလွတ်မပေးတမ်း ရိုက်လေသည် ။

'အလဲ့ တော်ပါသေးရဲ့ တောတောင်ထဲဆိုတော့ လူသူမရှိဘူး ထင် တာ ဘူမိဗေဒကွင်းဆင်း တာလား၊ သစ်တောကျောင်းသားတွေလားမ သိဘူး ... ငယ်တော့ငယ်ကြသေးတယ်'

မှန်ဘီလူးမှ တစ်ဆင့် မြင်ရသောမြင်ကွင်းကိုကြည့်ပြီး လဲ့လဲ့က သူ့ အားလှမ်းပြောလေသည် ။

'နင်ကတော့လုပ်ပြီ ငါ ဒီမှာ စျာန်ဝင်နေတာ'

မြက်ပန်းလှလှလေးများ ယိမ်းနွဲ့ကာ အလေ့ကျပေါက်နေမှုကို ကြည် စင်က စိတ်ဝင်စားပြီး ဓာတ်ပုံရိုက်နေလိုက်သည် ။

'ငါ လိုက်ရိုက်ဦးမယ်'

'အေးအေး ဝေးဝေးမသွားနဲ့ နော် တောနက်သွားရင် လမ်းပျောက်မ

ယ်’

‘အေးပါ’

ကြည်စင်က မြင်မြင်သမျှပန်းတို့ ၏ တည်ရှိနေပုံ အရွက်ကလေးများ ကြားထိုးထွက်နေပုံ၊ သစ်ခွ၊ နွယ်ပင်၊ နွယ်ပန်း၊ မြေကပ်ပန်းဟူသမျှတို့ ကို မလွတ်တမ်းလိုက်ရိုက်နေစဉ် ...

‘ငြိမ် မလှုပ်နဲ့ လုံးဝမလှုပ်နဲ့ နော်’

‘ဘုရားရေ’ ရင်တွင်းတုန်လှုပ်ချောက်ချားစွာဖြင့် ဘုရားတလိုက်ပြီး ငြိမ်သက်နေလိုက် သည် ။ ဓားပြလား ...။

ဒီရိုးမတောစပ်က အန္တရာယ်ကင်းပါတယ် ဘာမှ မရှိဘူး တောကောင်ကြီးတွေလည်း မရှိဘူးဟု လဲ့လဲ့ ဦးကြီးတော်သူကပြောပြီး လမ်းကြောင်းပြပေးကာ သူတို့ အား ပေးလွှတ်ခြင်းဖြစ်ရာ ကြည်စင်တို့ အကြောက်အလန့်မရှိ ဝင်ခဲ့ခြင်းဖြစ်သည် ။ ယခုတော့ မမျှော်လင့်ဘဲ အန္တရာယ်စက်ကွင်း ထဲကျရောက်လေပြီထင့်။ လုံးဝမလှုပ်ရဲ။ အခြေအနေကိုကြည့်ကာ မီးစင်ကြည့်ကရပေတော့မည် ဖြစ်သည် ။ ‘ဝီဝီ’ ‘ဗိုးကနဲ’ ဟူသော အသံနှင့်အတူ ကြည်စင်နောက်စိသို့ လေတိုးသလို ခံစားလိုက် ရပြီး ...

‘ရပြီ’

စောစောက ယောကျ်ားသံကထပ်ထွက်လာသည် ။ ရင်ခုန်သံရိုင်း ကျယ်လောင်စွာမြည်ဟည်း လာရာ ကြည်စင် ဆတ်ကနဲလှည့်ကြည့်လိုက် သည် ။

‘ဟင်’

ပိုးကောင်ဖမ်းပိုက်ထဲ၌ ပျားကောင်များ ဖမ်းယူထားပြီး ထိုလူစိမ်းက ပြုံးပြကာ ...

'အဆိပ်ရှိတယ် ခင်ဗျားကို တုပ်မှာ စိုးလို့ ဖမ်းလိုက်တာ'

ပြောပြောဆိုဆို ကျောခိုင်းသွားပြီး လေကြောင်းပြောင်းသွားရာတစ်နေရာသို့ ပျားများကို သွားလွှတ်ပေးလေသည် ။ ထိုလူ၏ နောက်ကျောပြင်ကိုကြည့်ရင်း ကြည်စင်ရင်ခုန်သံက အဆမတန် ကျယ်လောင်မြည်ဟည်း လာလေသည် ။

လေဆိပ်၌ တွေ့ခဲ့သောလူ။ လျှပ်တပြက်မျက်နှာလေးနှင့် နောက်ကျောပြင်ကိုမြင်တွေ့ရုံမျှနှင့် ကြည်စင်၏ နှလုံးခုန်သံပေါက်ကွဲမတတ် တုန်ခါစေသောသူ။

'ဘာလဲ ကျေးဇူးတင်တယ်ပြောမလို့ လား မပြောနဲ့ တော့ သွားပြီ သတိလည်း ထားသွားဦး ရှေ့ဆက်မတိုးမိစေနဲ့ လမ်းပျောက်မှ ငိုနေရဦးမယ်'

ပြူးကြောင်ကြောင်ဖြစ်နေသော ကြည်စင်ကို ထိုသူက လှမ်းပြောပြီး တောအုပ်ထဲ ဝင်ရောက် ပျောက်ကွယ်သွားလေသည် ။

ကြည်စင် မှ င်သက်လျက် ကျောက်ဆစ်ရုပ်ဖြစ်ကျန်ရစ်ခဲ့လေသည် ။ လူကသာ ကျောက်ဆစ်ရုပ်၊ နှလုံးသားကတော့ မြူးကြွခုန်ပေါက်လျက်ရှိခြင်းကြောင့် ကြည်စင် ဘယ်ဘက်ရင် အုံကိုလက်နှင့်ဖိထားလိုက်သည် ။ ထိုလူလည်း မြင်ကွင်းမှ ပျောက်ကွယ်သွားပြီး အတန်ကြာမှ ရင်ခုန် သံစဉ်ကျယ်လောင်စွာ မြည်ဟည်းမှုက ပျောက်ကွယ်သွားလေသည် ။

ဆန်းကြယ်လိုက်တဲ့ တိုက်ဆိုင်မှုနှယ်။ လူသူမနီး လူသူအရောက်အပေါက်နည်းသော တောစပ်မှာ တောင် ထိုသူနှင့် လာဆုံတွေ့ရတယ်ရယ်လို့ ။

ကြည်စင် စိတ်အလျဉ်သည် ခန္ဓာကိုယ်နှင့်မကပ်တော့

ထိုသူထွက်သွားရာဘက်သို့ အတန်ငယ်လျှောက်လိုက်မိပြီးမှ မြင်ကွင်းထဲ ဝင်ဝင်လာသော တောပန်းလေးများကြောင့် သတိပြန်ဝင် လာပြီး တောပန်းရိုင်းအလှလေးများကို တဖျတ်ဖျတ် ဓာတ်ပုံရိုက်ယူ လိုက်လေသည် ။ သဘာဝ တောရိုင်းပန်းလေးများမှာ စိတ်ဝင်စားစရာကောင်းလွန်းလှသည် ။ သဘာဝကျကျ သဘာဝ အတိုင်း ပန်းအလှပြင်နိုင်လျှင် ပို၍ ဆွဲဆောင်မှုရှိသည် ဟု ကြည်စင်က ယုံကြည်ထားလေသည် ။

‘အား’

ခြေထောက်သည် တစ်စုံတစ်ရာနှင့် တိုက်မိကာ ခြေခေါက်ပြီးလဲကျသွားရာ … ‘အမေ့’

တောင်စောင်းလား ချောက်ကမ်းပါးလား မသိ။ ချုံနွယ်ပိတ်ပေါင်းကြားမှာ ခန္ဓာကိုယ် လိမ့်ဆင်းသွားလေသည် ။

သတိထားလိုက်သည် က ကင်မရာကို မထိစေရန်။ လေးငါးခြောက်ခါလောက် လိမ့်အပြီး၌ သစ်ပင်ရင်းတစ်ခုနှင့်ထိတွေ့ကာ ရပ်သွားလေသည် ။

ဘုရား … ဘုရား။ အားယူ၍ ထသည် ။ မရ။ ညာဘက်ခြေမျက်စိနားအဆမတန်နာကျင်ကာ ထမရအောင်ဖြစ်လေသည် ။ မျက်ရည်များက အတားအဆီးမဲ့စွာပိုးပိုးပေါက်ပေါက်ကျလာသည် ။

‘လဲ့လဲ့ရေ လဲ့လဲ့’ ဟု အော်ခေါ်ပြီးကာမှ တောထဲတောင်ထဲ နာမည်မခေါ်ရဘူး။ မကောင်း သော ဝိညာဉ်ဆိုးတို့ က နာမည်မှတ်ယူကာ လှည့်စားသွားလိမ့်မယ်ဟူသော ခြောက်လှန့်စကားကို သတိရကာ ပါးစပ်ပိတ်လိုက်သည် ။ နောက် …

‘ကယ်ကြပါဦးရှင် ကယ်ပါ’

ကြည်စင် ဒုက္ခလှလှတွေ့နေလေပြီ။

ကယ်တင်ရှင်ကို စောင့်စားရင်း ခြေထောက်ကိုလည်း နှိပ်နယ်ရင်း ရပ်နိုင်အောင် ကြိုးပမ်း သည် ။ သို့သော် အချည်းနှီးသာတည့်။ လဲ့လဲ့နှင့် လူချင်းခွဲမိခြင်းအတွက် နောင်တရမိကာ ငိုရင်း အော်ဟစ်အကူအညီ တောင်းရင်းဖြင့် အချိန်များက တရွေ့ရွေ့ကုန်မှန်းမသိ ကုန်ဆုံးသွားလေပြီ။

***

'ကယ်ကြပါ ကယ်ကြပါရှင်'

သူ့နားစည်ထဲသို့ တုန်ယင်သော မိန်းမသံလေးတစ်ခု ရိုက်ခတ်လာသည် ။ ဟုတ်ရဲ့ လား တောခြောက်တာများ လား။

ပန်းချီဝါသနာပါသော သူသည် တောတောင်ထဲရှိ သဘာဝရှုခင်းအလှများကို ဓာတ်ပုံလိုက် ရိုက်ရင်း စိတ်၏ ဖြေဆည်ရာကို ရှာဖွေခြင်းလည်း ဖြစ်သည် ။

ဓာတ်ပုံများ ထဲ၌ နှစ်သက်ရာပုံကို ပန်းချီကားအဖြစ်ဖန်တီးရေးဆွဲရသည့်အလုပ်ကိုလည်း သူနှစ်သက်သည် ။

'ကယ်ကြပါ'

အသံကြားရာဆီသို့ ဦးတည်လိုက်သည် ။ ဒီနေ့တစ်နေ့လုံး ဓာတ်ပုံသိပ်မရိုက်ဖြစ်။ ရင်တွင်း ခံစားနေရသော နာကျင်မှုဝေဒနာကိုသာ လွတ်လပ်စွာခံစားပြီး တမလွန်ရောက်ချစ်သူကို တိုင်တည် ကာ လွတ်လပ်စွာ

သစ္စာဆိုခဲ့သည် ။

'ကယ်ကြပါ'

ကုန်းဆင်ခြေလျှောအောက်ဘက်နားဆီမှ အသံထွက်ပေါ်လာခြင်းဖြစ်သည် ။ အသံမှာ အားအင်ဖျော့တော့လျက် တိမ်ဝင်စပြုနေလေပြီ။ တွေ့ပြီ ...။

'ဟင်'

စောစောက ရှပ်အင်္ကျီအနီအပြာကွက်ကြားလေး ထပ်ဝတ်ထားသည့် မိန်းကလေး။

ပျားတုပ်မှာ စိုးသဖြင့် သူ့ပျားများကို ဖမ်းကာ ဖယ်ရှားပေးခဲ့သော မိန်းကလေးဖြစ်သည် ။ ယခုတစ်ဖန် တွေ့ရပြန်ပြီ။

'ဩော် အမိပဲကိုး'

ဝိုင်းစက်သောမျက်ဝန်းအစုံဖြင့် သူ့အား စိုက်ကြည့်နေသော မိန်းကလေးကိုကြည့်ကာ မိုးမာန် ရယ်ချင်သွားသည် ။

သို့သော် ခပ်တည်တည်ဖြင့် ...

'ဘာဖြစ်ရပြန်ပြီလဲ'

'xxxx'

မိန်းကလေးက မဖြေ။

သူ့အား သူရဲသဘက်တွေ့သလို ပြူးတူးကြောင်တောင် ကြည့်နေလေသည် ။

'ဟေ့ မေးနေတယ်လေ ... ကယ်ပါဦးလို့ အကူအညီတောင်းတာမင်းလား'

‘အင် အင်း ဟုတ် ဟုတ်တယ်’

အခုမှ အသက်ဝင်လာသလို ထစ်ထစ်ငေါ့ငေါ့ဖြေပြီး ပြုံးပြုံးပျာပျာဖြစ်သွားသည် ။

‘ဘာဖြစ်လို့ လဲ’

‘လိမ့်ကျပြီး ခြေထောက်ထောက်မရလို့ ’

သူက လက်ကမ်းပေးလိုက်သည် ။ မိန်းကလေးက သူ့လက်ကိုလှမ်း မယူသောအခါ သူစိတ် မရှည်တော့ဘဲ မိန်းကလေး လက်မောင်းကို ဆွဲ ကိုင်ကာ ထူမပေးလိုက်သည် ။

‘အား ကျွတ် ကျွတ် နာတယ်ရှင့် အရမ်း အရမ်းမလုပ်ပါနဲ့ ’

‘ညာနေလို့ ရမလား နေဝင်တော့မှ ပိုဆိုးမယ် လာ ခင်ဗျားကို လမ်းကြောင်းအထိ ပို့ပေးမယ်’

မိန်းကလေး၏ တုံ့ပြန်မှုကိုစောင့်မနေဘဲ ပခုံးကိုဖက်တွဲခေါ်ကာ တောင်ကုန်းဆင်ခြေလျှော လေးပေါ် ရောက်အောင်မနည်း ဆွဲခေါ်ခဲ့ရ လေသည် ။ မိန်းကလေးက ညည်းညူရင်း အားပြုလိုက်ခဲ့ ရှာသည် ။ ဘယ်လိုရေစက်ကြောင့်များ ဒီမိန်းကလေးနှင့် ရိုးမတောထဲမှာ နှစ်ခါပြန် တွေ့ရပါလိမ့်။ နှစ်ခါစလုံးလည်း မိန်းကလေးကို အကူအညီပေးနေရသ ည် ။ မြေနီလမ်း လူတစ်ကိုယ်စာသွားနိုင် သော လမ်းကြောင်းလေးပေါ် သို့ရောက်သွားသည် နှင့် မိန်းကလေး ဆတ်ကနဲ သူ့လက်ကို ပုတ်ထုတ် ဖယ်ရှားပစ်လေသည် ။

‘ရပြီ ရပြီ ဖယ် ကျွန်မဘာသာလျှောက်မယ်’

မိုးမာန်စိတ်ထဲ ထောင်းကနဲဖြစ်သွားသည် ။ လူကိုများ အခွင့်အရေး

သမားထင်နေသလား။ ဒုက္ခရောက်နေသူကို ကယ်တင်ချင်တာမှ လွဲ၍ သူ့မှာ အခြားစိတ်မရှိချေ။ သူ့နှလုံးသားသည် တစ်ယောက်တည်းအတွက်သာဖြစ်ခဲ့သည် ။

'ခင်ဗျား လျှောက်နိုင်လို့ လား'

'ဖြည်းဖြည်းလျှောက်သွားမယ်'

'လမ်းကော မှတ်မိလား'

'မှတ်မိတယ်'

မျက်လုံးဝိုင်းလေးက တစ်စုံတစ်ခုကို ကြောက်လန့်နေသော်လည်း နှုတ်ကတော့ ကြောက်လန့် ခြင်းကို တွန်းလှန် ဖယ်ရှားနေလေသည် ။ သူ သည်းခံလိုက်သည် ။

မိန်းမသားနှင့်အပြိုင် အနိုင်မယူလိုပါ။ ပို့မယ်ပို့ ကူးတို့ ရောက်အောင် ပို့လိုက်ချင်သည် ။ ထို့ကြောင့် ...

'ခင်ဗျားတည်းတဲ့ ဆီကို လိုက်ပို့ပေးရမလား'

'ဟင့်အင်း ဟင့်အင်း ရတယ် ကိုယ့်ဘာသာကိုယ်သွားတတ်တယ်'

'ဒါဖြင့်ပြီးရော ကျုပ်သွားတော့မယ်'

ဝိုင်းဝိုင်းလည်နေသောမျက်ဝန်းအစုံကို တစ်ချက်စိုက်ကြည့်ပြီး သူ ကျောခိုင်းခဲ့လိုက်သည် ။ မှတ်ထား အိုက်တင်ခံချင်တဲ့ မိန်းကလေး နောင်ကြဉ်အောင်တော့ ပစ်ထားလိုက်ဦးမှ ။ သူခြေလှမ်း လေးငါးခြောက်လှမ်း လှမ်းပြီးချိန်၌ ...

'ဟော့ ... ဟော့လူ ... ဟော့လူကြီး'

မိန်းကလေးခေါ်သံလေး ထစ်ထစ်ငေါ့ငေါ့ထွက်ပေါ်လာသည် ။ သူရ

ပ်လိုက်သည် ။ လှည့်မကြည့်ဘဲနေသောအခါ ...

'ဟေ့လူကြီး ခဏ ... ခဏလာပါဦး'

အသံလေးက ထစ်ထစ်ငေါ့ငေါ့။ မိုးမာန် သနားသွားသည် ။ မိန်းမသားတစ်ယောက် ဖြစ်နေခြင်းကြောင့် သူစိမ်းယောက်ျားသားတစ်ဦးအပေါ် အရမ်းကာရော မယုံကြည်ရဲရှာပေ။ ဒုက္ခ ရောက်နေ၍ သာ မလွှဲသာခြင်းကြောင့် အကူအညီတောင်းခံရခြင်းဖြစ်သည် ကို သူသဘောပေါက်မိ သည် ။

မျက်နှာကို တတ်နိုင်သမျှ တည်ကြည်စွာထားလိုက်ပြီး နောက်ကြောင်းပြန်လှည့်လိုက်သည် ။

'ကျုပ် ဘာကူညီရမလဲ'

'တည်းတဲ့ ဆီ လိုက်ပို့ပေးပါ'

'အင်း လမ်းပြလေ'

သူ့ဘယ်လက်ကို ကမ်းပေးလိုက်သည် ။ သို့သော် သူကမ်းသောလက်ကို မိန်းကလေးက လှမ်းမယူ သူ့အား ပြုံးတုံးကြောင်တောင်လေးလှမ်းကြည့်ပြီး ခေါင်းခါလိုက်သည် ။

'ဘာလဲ မင်း လျှောက်နိုင်ပြီလား'

'ဟင့်အင်း'

ဘယ်လိုလေးမှန်းလဲ မသိဘူးဟု မိုးမာန်ကောက်ချက်ချလိုက်မိသည် ။

စိတ်ထဲလည်း ရယ်ချင်သလိုလို၊ မိန်းကလေးကို ရင်းရင်းနှီးနှီးကျီစယ်ချင်သလိုလို ဖြစ်ပေါ် ခံစားလာရသည် ။

‘ဒါဖြင့်’

‘ရှင့်ပခုံးခဏငှား’

‘ဗျာ’

မိုးမာန် အံ့အားသင့်ကာ ‘ဗျာ’ ဟူသော အာမေဍိတ်ပင် ထွက်သွားရလေသည် ။ မိန်းကလေး က ပခုံးကိုလှမ်းကိုင်တော့မှ သဘောပေါက်သွားသည် ။

အာဂမိန်းကလေးပင်။ သူ၏ ဘယ်ဘက်ပခုံးကို အားပြုကိုင်ရင်း ထော့ကျိုးထော့ကျိုးနှင့် လိုက်လာသည် ။ မိုးမာန် ရင်ထဲ၌ ထိုမိန်းကလေးအပေါ် ကရုဏာသက်ခြင်းနှင့်အတူ ခင်တွယ်သွား လေသည် ။ စိတ်ဝင်စားမိလေသည် ။

ဒါ (၃) နှစ်ကြာပြီးမှ ပထမဦးဆုံးပေါ်ပေါက်လာသော စိတ်ဝင်စားမှုဟု သူ့ကိုယ်သူသတိပြု မိလိုက်သည် ။

‘ဘယ်လမ်းလဲ’

‘မသိဘူး’

‘ဗုဒ္ဓေါ’

‘ဒီလိုပဲ ပန်းတွေ ဓာတ်ပုံလျှောက်ရိုက်နေတာ လမ်းကကော မြင်ရလို့လား’

မြက်ရိုင်း မြက်နုတို့ ဖုံးအုပ်နေသော တောစပ်၌ လမ်းကြောင်းကိုရှာမတွေ့နိုင်။

ထိုစဉ် မိုးက ဝုန်းကနဲရွာချလေသည် ။

‘ဟင်’

‘လာ လာ’

မိန်းကလေးကိုလှမ်းတွဲကာ သစ်ပင်ကြီးတစ်ပင်အောက်သို့ ဆွဲခေါ်ခဲ့လိုက်သည် ။ ဒါတောင် မိန်းကလေးက အင်တင်တင်ဖြစ်ချင်သေးသည် ။ မလွဲသာ မရှောင်သာ၍ သာ သူ၏ အကူအညီကိုယူနေ ရကြောင်းကို မိုးမာန်ရိပ်မိလေသည် ။

အခက်အရွက်တို့ ဖြင့် ဖြာဝေနေသော သစ်ပင်ကြီးက မိုးသည်းထန်မှုကို အနည်းငယ်တော့ ကာကွယ်ပေးလေသည် ။

‘မခြိမ်းဘဲရွာတဲ့ မိုးဟာ တော်ရုံနဲ့ တိတ်မှာ မဟုတ်ဘူး နော်’

သူ့ရင်ထဲ သိမ့်ကနဲတုန်သွားလေသည် ။ ဒီစကားမျိုး သူ့ချစ်သူပြောခဲ့ဖူးသည် ။

စတွေ့တုန်းက ချစ်သူနှင့်သူသည် ဂျပ်ဆင်အောက်မှာ မိုးခိုရာမှ စတွေ့သည် ။ ချစ်သူက သူ့ဘာသာသူတစ်ကိုယ်တည်း ပြောသလိုနှင့် ဒီစကားမျိုးရွတ်ခဲ့ဖူးသည် ကို အမှတ်ရတော့ ရင်နာနာနှင့် သူ့အနီးမှ မိန်းကလေးကို ငေးကြည့်မိသည် ။

မျက်ဝန်းဝိုင်းကလေး၏ အပြစ်ကင်းစင်ပုံက သူ့ချစ်သူနှင့်တူသလိုလိုပင်။

‘ဒီမှာ ကြည့်’

မိန်းကလေးက ဘယ်ဘက်လက်သီးဆုပ်ကာ ထောင်ပြသည် ။ သူ ကြောင်သွားသည် ။ မဟော် သဓာနှင့် အမရာဒေဝီပညာပြိုင်နေတာလား။

‘ဘာလဲ’

'မတွေ့ဘူးလား လက်စွပ် အဲဒါ ကျွန်မတို့ မင်္ဂလာဆောင်တုန်းက သူ စွပ်ပေးတာ'

မိုးမာန် 'ဟက်ကနဲ' ရယ်လိုက်မိလေသည် ။ မိန်းကလေးက အန္တရာယ်အတွက် တတ်နိုင်သမျှ ကာကွယ်နေခြင်းကို သူနှစ်သက်သွားမိသည် ။

မိုးရိပ်ကြောင့် မှောင်နေခြင်းမဟုတ်တော့ နေဝင်သွားလေပြီ။ မိုးက တော့ ခပ်ဖွဲဖွဲလေးနှင့်စွေ နေသည် ။

'ဟင် မှောင် လာပြီ ဒုက္ခပါပဲ'

ငိုမဲ့မဲ့မျက်နှာလေးနှင့် သူ့အားမော့ကြည့်ကာပြောလာသော မိန်းကလေးအပေါ် မိုးမာန်အစွမ်း ကုန်စောင့်ရှောက်ပေးချင်သည့် စေတနာက ဖြစ်ပေါ်လာသည် ။ သူ့မိုးကာအင်္ကျီလေးကိုချွတ်ကာ မိန်းကလေးပေါ်သို့ ဆောင်းပေးလိုက်သည် ။

'ရှင်ကော ဆောင်းလေ'

'ရပါတယ် ကျုပ်က ယောက်ျားပဲ လမ်းလျှောက်သွားမယ် မိုးတိတ် စောင့်လို့ ဖြစ်မှာ မဟုတ်ဘူး သွားကြစို့'

'အင်း အင်း ရှင်ကော ဆောင်းပါ'

မိန်းကလေးက သူ့ခေါင်းကိုပါ အုပ်မိုးပေးသောအခါ မိုးကာကိုနှစ်ယောက်သားခြုံကာ မိန်းကလေးကလည်း သူ့လက်မောင်းကို အားပြုတွဲခိုပြီး မှန်းဆကာထွက်ခဲ့ကြသည် ။ လမ်းပျောက် နေပြီ။

အလင်းရောင်က စုပ်စမြုပ်စပျောက်ကွယ်သွားလေပြီ။ လက်နှိပ်ဓာတ်မီးရောင်ကိုအားပြုကာ လျှောက်ရသည် ။

‘ဘယ်လိုလုပ်ကြမလဲဟင်’

မိန်းမသားတစ်ဦးအနေဖြင့် အားငယ်စိတ်ဖြင့် ငိုချင်ရှာပေလိမ့်မည်ကို သူစာနာသနားကာ ...

‘ကျုပ်ရှိပါတယ် မိုးကရွာနေတော့ ခရီးမတွင် ဘူး တောင်ယာတဲတစ်လုံးတော့တွေ့မှာ ပါ လာလာ ဒီမှာမြက်ကလေးတွေလဲနေတာ လမ်းကြောင်းရှိခဲ့လို့ ဖြစ်မယ် သွားကြရအောင်’

မိန်းကလေးကို အားပေးရင်းတွဲခေါ်သောအခါ မိန်းကလေးမှာ မငြင်းသာတော့။

ယခုအချိန်၌ သူကလွဲပြီး အားကိုးစရာ မရှိတော့ပြီကို သဘောပေါက်နေပုံရသည် ။

‘ဟော’

သစ်လုံးအိမ်လေးတစ်လုံး လှမ်းတွေ့လိုက်ရသဖြင့် သူဝမ်းသာသွားသည် ။ တောင်ယာသမား တို့ ၏ စွန့်ပစ်တဲလေးတစ်လုံးဖြစ်ပုံရသည် ။ ဒီတစ်ည မိုးခို အနားယူအိပ်စက်ပြီး နံနက်မိုးသောက်မှ လမ်းစရှာနိုင်မည်ကို သူရှင်းပြစရာမလိုဘဲ မိန်းကလေးလည်း သဘောပေါက်ပုံရလေသည် ။

‘တဲရှင်တို့ တဲရှင်တို့ ’

လူ ရှိနေသလားဟု အသံပြုပြီး ကျောပိုးအိတ်ထဲမှ ခေါက်စတီးချောင်းကို ဆွဲထုတ်ကာ တဒေါက်ဒေါက်ခေါက်ကာ ပိုးကောင်များ ရှိပါကပြေးသွားရန် ခြောက်ထုတ်လိုက်သည် ။ လက်နှိပ် ဓာတ်မီးထိုးကာ တဲတွင်း လှမ်းကြည့်လိုက်သည် ။ တောင်ယာသမားတို့ မကြာခဏ နားခိုချက်ပြုတ် စားသောက်စခန်းချရာ တဲလေး ဖြစ်ပုံရသည် ။ ကွပ်ပျစ်တစ်ဝ

က် မြေသားတစ်ဝက် ဖြစ်သည် ။ မြေသား၌ ဖိုခနောက်ဆိုင်ထားသော မီးဖိုဟောင်းကို ပြာကြွင်းပြာကျန်လောင်ကျွမ်းပြီးသား ထင်းတို ထင်းစ အချို့ ရှိနေသည် ။ ထင်းခြောက်အချို့ကလည်း ဟိုတစ်ပုံဒီတစ်ပုံရှိနေသည် ။

'ဒီညတော့ မီးကိုပဲ အားကိုးရတော့မယ်'

သူ မိန်းကလေးကို ကွပ်ပျစ်ပေါ်၌ ထိုင်စေပြီးမှ မိုးကာအင်္ကျီမှ ခါကာ ကွပ်ပျစ်စွန်း၌ ဖြန့်တင် လိုက်သည် ။ နောက် ကျောပိုးအိတ်ကိုချကာ ပစ္စည်းများကို တစ်ခုစီ ထုတ်ယူလိုက်သည် ။

ပထမဦးဆုံး လက်နှိပ်ဓာတ်မီးကိုထွန်းထားပြီး ဂက်စ်မီးခြစ်နှင့် ဖယောင်းတိုင်ကို မီးညှိပြီး မီးဖိုခနောင့် ၃ ခုဆိုင်ထားသော ကျောက်တုံးတစ်တုံးပေါ်၌ ထွန်းကားပြီး ထင်းခြောက်များ စုစည်း ကာ မီးမွှေးလိုက်သည် ။

မီး အရှိန်ရလာသောအခါ သူ့အိတ်ထဲမှ ပလတ်စတစ်ကြိုးခွေကိုထုတ်ကာ ကျိုးတိုးကျဲတဲရှိ နေသော တဲနံရံသစ်လုံးတစ်ဘက်တစ်ချက်ဆီသို့ ချည်နှောင်ကာ ကြိုးတန်းပြုလုပ်လိုက်ပြီးနောက် စိုနေသောတီရှပ်ကို ချွတ်ကာ ခါလှမ်းလိုက်သည် ။ နောက်မိုးကာအင်္ကျီကိုလှမ်းယူရန် နောက်သို့လှည့် လိုက်သောအခါ မိန်းကလေးက သူ့အား ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြူးတူးကြောင်တောင်လေး ကြည့်နေသည် ကို သတိပြုမိလိုက်သောအခါ သူရယ်ချင်သွားသည် ။

အိမ်ထောင်သည် မိန်းကလေးတဲ့ လား။

'အင်္ကျီပိုပါရင် လဲထား လိုက်လေ အအေးမိနေဦးမယ်'

'ရတယ် မစိုပါဘူး'

'ဒါဖြင့် မီးလှုံနေဦး မင်းခြေထောက် ခဏပြစမ်း ခြေပွတ်တိုင်လည် သွားတာဆိုရင် ငါလုပ် ပေးတတ်တယ်'

'ရပါတယ်'

တောစီးဖိနပ်စီးထားသော မိန်းကလေးခြေကို သူဆွဲယူကာ ကွပ်ပျစ် ပေါ်တင်လိုက်သည် ။

'အို'

'အိုတွေ ရပါတယ်တွေ လုပ်မနေနဲ့ မင်း ခြေထောက်ကောင်းသွားမှ နောက်နေ့ လမ်းရှာလို့ လွယ်မယ် မင်းကိုတွဲခေါ်နေရရင် ခရီးမတွင် ဘူး'

မိန်းကလေးက စိုးရိမ်စိတ်ကို သူ တတ်နိုင်သမျှ ဖြေဖျောက်ပေးချင်ပါသည် ။

သည် အခါ တောစီးဖိနပ်ကို ချွတ်လိုက်သည့်အခါ ခြေအိတ်၌ သွေးများ စွန်းထင်းနေသည် ။ ခြေချင်းဝတ်နား ညှောင့်စူးထားပုံလည်း ရသည် ။

သူ့ကျောပိုးအိတ်ထဲမှ ကြက်ခြေနီပစ္စည်း နှိုက်ယူကာ အရက်ပြန်ပု လင်းထဲစိမ်ထားသော ဂွမ်းဖတ်ကိုဆွဲယူကာ သွေးရွဲနေသောအနာကို ပွ တ်ပေးလိုက်သည် ။

'အား'

နောက် သူ့လည်၌ စည်းထားသော သုံးမြှောင့်အပြာနှင့် အဝါအဆင် ပါသော ပဝါလေးနှင့် စည်းပေးလိုက်သည် ။

သွေးကြောစိမ်းလေးများ ယှက်ဖြာနေသော ခြေထောက်ကြောထော င်နေသောနေရာကို ဖိနှိပ်ပြီး ဆွဲခါပေးလိုက်သည် ။

‘အား အား နာတယ်’

‘ခဏလေး’

နှစ်ချက် သုံးချက်ခါအပြီးတွင် ...

‘ထရပ်ကြည့်စမ်း’

သူက လက်ကိုကမ်းပေးထားသည် ။ မိန်းကလေးက လက်ကိုဆွဲကိုင်ကာ အားယူထကြည့် သည် ။

‘လျှောက်ကြည့်စမ်း’

ကွပ်ပျစ်ပေါ်၌ လျှောက်ကြည့်သည် ။ တစ်လှမ်း ... နှစ်လှမ်း ... သုံးလှမ်း ...

‘ဟာ ရသွားပြီ သိပ်မနာတော့ဘူး နည်းနည်းပဲနာတယ်’

‘ရော့ လိမ်းဆေးလေးလိမ်းထားလိုက်’

သူက ဒဏ်ကြေလိမ်းဆေးပုလင်းကို လှမ်းပေးလိုက်ပြီးနောက် ကျောပိုးအိတ်ကိုနှိုက်လိုက် သည် ။ ပန်းသီးတစ်လုံး ထွက်လာသည် ။

‘ဗိုက်ဆာလား ပန်းသီးက တစ်လုံးတည်း စားရင်း တစ်ယောက် တစ်ဝက်တော့ ရမယ်’

‘မစားပါဘူး ရတယ်’

သူတစ်ဖက်လှည့်ကာ ပြုံးမိလေသည် ။ ကျောပိုးအိတ်ထဲမှ တီရှပ်အပိုတစ်ထည်ကို ယူဝတ်လိုက်ပြီး ပန်းသီး စားရင်း ဂက်စ်မီးဖိုလေးထုတ်လိုက်ပြီး မီးထွန်းကာ စတီးအိုးဖြင့် ရေနွေး တည်လိုက်သည် ။

‘မင်းယောက်ျားကို ငါတော်တော်အံ့သြတယ်’

‘ဘာ ဘာပြောတာလဲ’

ပွက်ပွက်ဆူလာသောရေနွေးထဲသို့ ယမ်ယမ်ခေါက်ဆွဲနှစ်ထုပ် ဖောက်ထည့်လိုက်ရင်း သူက မိန်းကလေးကို လှမ်းကြည့်လိုက်သည် ။

‘မင်း ယောကျာ်းလေ ဒီလောက် ငယ်ငယ်ချောချောမိန်းမကို တောတောင်ထဲ တစ်ယောက်ထဲ လွှတ်ရဲတဲ့ အတွက် အံ့သြတယ်လို့ ’

‘ကိုယ့်အလုပ်နဲ့ ကိုယ်ပဲဟာ သူမှ မအားတာ မအားလို့ လိုက်မပို့နိုင်တာ အဖော်တွေပါတာပဲ လူချင်းကွဲသွားလို့ ဟာ ဘယ်တတ်နိုင်မှာ လဲ’

တရစပ်ပြောလိုက်သော မိန်းကလေးကြောင့် သူပြုံးမိလေသည် ။

ခေါက်ဆွဲပြုတ်ရလေပြီ။ သူက လက်သုတ်ပဝါလေးနှင့် ကိုင်းမှ ကိုင်ပြီး မိန်းကလေးရှေ့ချပေး လိုက်သည် ။ နောက် တစ်ခါသုံးဝါးတူလေးနှင့် ဇွန်းတစ်ချောင်းပေးလိုက်သည် ။

‘ကျွန်မဖို့ ’

‘ဟုတ်တယ် မင်းဖို့ ပေ့ါ မင်းဆာနေပြီ’

‘ရှင်ကော’

‘မင်း ဝအောင်အရင်စားပါ နောက်မှ ထပ်ပြုတ်ရင် ရတာပဲ’

‘တူတူသောက်မယ်လေ’

‘သောက်စမ်းပါ ဝအောင်သောက် ရှိသေးတယ်’

သူ ရေနွေးထပ်ကျိုလိုက်သည် ။ မိန်းကလေး ဆာလောင်မွတ်သိပ်နေပုံရသည် ။ ဟန်မဆောင် နိုင်ဘဲ အားပါးတရ ငုံ့စားလေတော့သည် ။

ရှက်မှာ စိုးသဖြင့် မမြင်ချင်ဟန်ဆောင်ကာ ခေါက်ဆွဲတစ်ထုပ်ထပ်ပြုတ်ပြီး သူသောက်လိုက် သည် ။ မိန်းကလေး

က သောက်ပြီးသွားသော စတီးအိုးသေးလေးကို သစ်လုံးအိမ်တံစက်မြိတ်မှ ကျလာသော မိုးရေများ ဖြင့် ခံကာ ကျင်းလိုက်သည် ။ နောက် ရေခံခဲ့ပြီး သူ့ထံယူလာပေးသည် ။

'ကျေးဇူးတင်ပါတယ် ဗိုက်ပြည့်ပြီး နွေးသွားတာပဲ ရှင့်ကျေးဇူးကို ကျွန်မမှတ်ထားပါ့မယ်'

'မမှတ်ထားပါနဲ့ ကျေးဇူးတင်ခံချင်လို့ ကူညီတာ မဟုတ်ဘူး ဒုက္ခရောက်နေသူကို ကူညီဖေးမ ရမှာ လူသားတစ်ယောက်ရဲ့ တာဝန်ဝတ္တရားအရလို့ သာ မှတ်ထား ကိုင်း စားလို့ လည်း ဝပြီ ဗိုက်လည်း လေးလာပြီ မျက်တောင်လည်း စင်း လာပြီ ခင်ဗျားခဏ ဖယ်ပေး'

'ဟင် ဘာလုပ်မလို့ လဲ'

မိန်းကလေးက ကွပ်ပျစ်ပေါ်မှ ထလိုက်သည် ။

'အိပ်ယာခင်းမယ်လေ'

'ဟင် အိပ်မှာ လား'

'ဟ မအိပ်လို့ တစ်ညလုံး ငုတ်တုတ်ထိုင်နေရမှာ လား တစ်နေ့လုံး တောင်တက်တောင်ဆင်း သွားထားရတာ ပင်ပန်းနေပြီ မင်း မအိပ်ချင်လည်း ထိုင်ပြီး ကျုပ်ကိုသာ ကင်းစောင့်ပေးပေါ့ ဟုတ်လား'

ပြူးကြောင်ကြောင်မလေးကို သူဂရုမစိုက်တော့ဘဲ ကွပ်ပျစ်ပေါ်သို့ မိုးကာအင်္ကျီဖြင့် လေးငါး ချက်ခါယမ်းလိုက်ပြီးနောက် ပလတ်စတစ်ခင်းကို ဖြန့်ခင်းလိုက်သည် ။ နောက် စောင်ပိုင်းလေးကို ထုတ်ကာ မိန်းကလေးထံလှမ်းပေးလိုက်သည် ။

'စောင်က တစ်ထည်တည်း ပါတယ် မင်းခြုံအိပ်တော့'

သူက အစွန်ဘက်နားတွင် ကျောပိုးအိတ်ချကာ ခေါင်းအုံးအိပ်လိုက်သည် ။

စောင်ကိုပိုက်ကာ မတ်တတ်ကလေးရပ်နေသော မိန်းကလေးကိုခိုးကြည့်လိုက်ပြီး မျက်လုံး မှိတ်ထားလိုက်သည် ။ ဘယ်လောက်အထိ ထိုင်စောင့်နေနိုင်မလဲ မိန်းကလေး။ သူက အရေးပေါ် မီးချောင်းအိမ်ကလေးကို ထွန်းထားလိုက်သည် ။ မိန်းကလေးက မီးဖိုထဲထင်းခြောက်ကလေးများ ထပ်ထည့်ရင်း မီးဖိုဘေးငုတ်တုတ်ကလေးထိုင်နေလေသည် ။ သူ မိန်းကလေးကို ကျောခိုင်းထား လိုက်လေသည် ။ စိတ်ချမ်းသာသလိုနေပါစေတော့။

***